The Mon Forum
HUMAN RIGHTS NEWSLETTER

အတွဲ(၁၀) ၊ အမှတ်(၁) ၊ ဇန်နဝါရီလ ၃၁ ၊ ၂၀၂၅

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းမှ ထုတ်ဝေသည်

# တနင်္သာရီမြို့နယ်တွင် စစ်ကောင်စီတပ်သားက ဒေသခံ အမျိုးသမီးများကို အဓမ္မပြုကျင့်




ဇန်နဝါရီ ၆၊ ၂၀၂၅

၂၀၂၄ ဒီဇင်ဘာလ (၁၇) ရက်နေ့မှစ၍ တနင်္သာရီတိုင်း တနင်္သာရီမြို့နယ် တနင်္သာရီ - မောတောင်ကားလမ်းတလျှောက်ရှိ ရေဖြူ၊ ထုံခါ၊ ချောင်းနှစ်ပေါက်နှင့် သိန်ခွန်းရွာများကို စစ်ကောင်စီတပ်က စစ်ကြောင်းထိုးဝင်ရောက်လာသဖြင့် နှစ်ဖက်တိုက်ပွဲ ပြင်းထန်စွာ ဖြစ်ပွားခဲ့သည်။

ဆက်လက်ဖတ်ရှုရန် .......... စာမျက်နှာ (၁၅) သို့

## အတွင်းဘက်မှာ ဖတ်ရှုရန်

1 မွန်ပြည်နယ် ၊ ကရင်ပြည်နယ် ၊ တနင်္သာရီတိုင်း ဒေသကြီးအတွင်းရှိ မြေမြှုပ်မိုင်းပေါက်ကွဲမှု ၊ ဒဏ်ရာအနာတရ နှင့် သေဆုံးသူအရေအတွက်
စာမျက်နှာ- ၁၄

2 ၂၀၂၅ ဇန်နဝါရီလအတွင်း လက်နက်ကြီးပစ်ခတ်မှုကြောင့် အသက်ဆုံးရှုံးမှု နှင့် ဒဏ်ရာအနာတရရရှိသူ စာရင်း
စာမျက်နှာ- ၁၆


3 (၁၄) ဦးသာ လွတ်ငြိမ်းခွင့်ပါလာတဲ့ မြန်မာနိုင်ငံ တောင်ပိုင်းရှိ နိုင်ငံရေးအကျဉ်းသား
စာမျက်နှာ- ၁၈

4 မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းမှ မွန်ပြည်နယ် ၊ ကရင်ပြည်နယ် တနင်္သာရီတိုင်း ဒေသကြီးအတွင်းရှိ လူ့အခွင့်အရေးချိုးဖောက်မှု ဒေတာမှတ်တမ်း
စာမျက်နှာ- ၂၄

HUMAN RIGHTS FOUNDATION OF MONLAND (HURFOM)
www.rehmonnya.org

## Hots News

(၂) ဓာဒီကျေးရွာတွင် မြေမြှုပ်မိုင်းပေါက်ကွဲမှု နေ့စဉ်နီးပါး ဖြစ်ပွားနေ


စာမျက်နှာ ၈

(၁) ချောင်းဆုံတွင် အသက် (၁၈) နှစ်ပြည့် ကျောင်းသားများကို စစ်မှုထမ်းရန် စာရင်း ကောက်ယူနေ


စာမျက်နှာ ၁၃
Photo crd: HURFOM

(၃) မုဒိမ်းမှုကျူးလွန်သည့် PDF တပ်ဖွဲ့ဝင်ကို NUG က ထောင်ဒဏ် (၆) နှစ် ချမှတ်


စာမျက်နှာ ၂၅

# "ပြေးစရာမြေမရှိ" ဖြစ်နေသည့် လူငယ်များ

## (၂၀၂၅ ဇန်နဝါရီလအတွက် အယ်ဒီတာ့အာဘော်)

၂၀၂၅ ခရစ်နှစ်သစ်အခါသမယတွင် မြန်မာတိုင်းရင်းသားပြည်သူများအားလုံး ဘေးအန္တရာယ်ကင်းရှင်းပြီး ငြိမ်းချမ်းသာယာကာ ရည်မှန်းချက်ပန်းတိုင်ကို လျင်မြန်စွာရရှိနိုင်ပါစေကြောင်း မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းက နှစ်သစ်ဆုမွန် တောင်းအပ်ပါသည်။

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းက မွန်လူထုအသံစာစဉ် အတွဲ (၁၀) အမှတ် (၁) ကို ထုတ်ဝေလိုက်ပါသည်။

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းသည် မြန်မာနိုင်ငံတောင်ပိုင်း မွန်၊ ကရင်နှင့် တနင်္သာရီ ဒေသများတွင် ဖြစ်ပွားနေသည့် လူ့အခွင့်အရေးချိုးဖောက်မှုများကို မှတ်တမ်းတင်ကောက်ခံ စုဆောင်းပြီး အင်တာနက်နှင့် လူမှုကွန်ရက်စာမျက်နှာများမှတဆင့် ပြည်သူလူထုကို ပုံမှန် တင်ပြလျက်ရှိသည်။ ၎င်းပြင် မွန်လူထုအသံစာစဉ်ကိုလည်း တစ်လတစ်ကြိမ် ထုတ်ဝေ လျက် ရှိသည်။

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းအနေဖြင့် တစ်လလျှင် လူ့အခွင့်အရေးချိုးဖောက်မှု သတင်းပေါင်း (၄၀) မှ (၅၀) ကျော်ကြားအထိ ပြည်သူလူထုကို ပုံမှန်တင်ပြလျက်ရှိပြီး ၂၀၂၅ ဇန်နဝါရီလတွင် မြို့နယ် (၂၀) မြို့နယ်မှ လူအခွင့်အရေးချိုးဖောက်မှုသတင်း (၆၃) ပုဒ်ကို ပြည်သူများထံသို့ အသိပေးတင်ပြခဲ့သည်။

၂၀၂၅ ဖေဖော်ဝါရီလ (၁) ရက်နေ့သို့ ရောက်ရှိပါက စစ်တပ်က နိုင်ငံတော်အာဏာကို မတရားရယူခဲ့သည်မှာ (၄) နှစ်တင်းတင်းပြည့်ခဲ့ပြီးဖြစ်သော်လည်း မြန်မာနိုင်ငံတွင် တည်ငြိမ် အေးချမ်းမှုကင်းမဲ့နေဆဲ ဖြစ်ပြီး လူ့အခွင့်အရေးချိုးဖောက်မှုများလည်း ဆိုးဆိုးရွားရွား ဆက်လက်ဖြစ်ပေါ်နေဆဲ ဖြစ်သည်။

စစ်ကောင်စီသည် ပြည်သူ့စစ်မှုထမ်းဥပဒေကို ပြဋ္ဌာန်းပြီးနောက် နည်းဥပဒကို ၂၀၂၅ ဇန်နဝါရီလ (၂၃) ရက်နေ့တွင် ထပ်မံပြဋ္ဌာန်းခဲ့သည်။

အဆိုပါနည်းဥပဒေတွင် စစ်မှုထမ်းအသက်အရွယ်တွင် အကျုံးဝင်သည့်လူငယ်များအားလုံး ကို ပြည်ပထွက်ခွာခွင့် ပိတ်ပင်ခဲ့သည့်အပြင် လွတ်လပ်စွာသွားလာခွင့်ကိုလည်း တားမြစ် ထားသည်။

၎င်းပြင် စစ်မှုထမ်းရှောင်လွှဲလို၍ ထွက်ပြေးတိမ်းရှောင်မည်ဆိုပါကလည်း ကျန်ရစ်သူ မိသားစုဝင် များကို အရေးယူနိုင်သည့် ခြိမ်းခြောက်မှုကိုလည်း ထည့်သွင်းထားသည်။

မွန်ပြည်နယ် မော်လမြိုင်မြို့နှင့် ပေါင်မြို့ရှိ မြို့ပေါ်ရပ်ကွက်များတွင် ရပ်ကျေးအုပ်ချုပ်ရေး အဖွဲ့ဝင်များက အိမ်ထောင်စုစာရင်းမိတ္တူများ လိုက်လံကောက်ခံနေသည်။ လက်ရှိနေထိုင်သည့် လူဦးရေစာရင်းနှင့် ပြည်ပထွက်ခွာနေသည့် လူဦးရေစာရင်းအတိအကျကို သိရှိလိုသဖြင့် အိမ်ထောင်စုစာရင်း ထပ်မံကောက်ခံနေသည်ဟု အာဏာပိုင်များက ပြောဆိုသော်လည်း ဒေသခံပြည်သူများအကြား စိုးရိမ်မှုမြင့်တက်နေသည်။

**"မော်လမြိုင်မှာ တစ်မြို့လုံးကောက်နေတယ်။ ပေါင်မှာလည်း စကောက်နေပြီ။ ကျန်တဲ့မြို့နယ်တွေ မရောက်သေးဘူး။ အခုလိုစာရင်းကောက်တော့ သားယောကျ်ားရှိတဲ့အိမ်ဆို ပိုပြီးစိုးရိမ်နေကြတယ်။ လိုင်းပေါ်မှာလည်း လူပျောက်တာ ပေါ်တာဆွဲခံရတာတွေ နေရာအနှံ့ကြားနေရတော့ တော်တော်လေးစိုးရိမ်နေတယ်"** ဟု ဒေသခံပြည်သူတစ်ဦးက ပြောသည်။

မော်လမြိုင်တက္ကသိုလ်တွင်လည်း ဆရာဆရာမများက တက္ကသိုလ်ကျောင်းသားများကို အရန်စစ်သင်တန်းတက်ရောက်ရန် မက်လုံးပေးစည်းရုံးနေသကဲ့သို့ ချောင်းဆုံမြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်းများတွင်လည်း အသက် (၁၈) နှစ်ပြည့်ပြီးသူ ကျောင်းသားများ စာရင်းကို စစ်ကောင်စီက လိုက်လံကောက်ခံနေသည်။

ပွဲလမ်းသဘင်မှ ညအချိန်ပြန်လာသူ လူငယ်များ၊ စစ်ဆေးရေးဂိတ်ကို ဖြတ်သန်းသွားလာသည့် လူငယ်များ၊ ဆိုင်ကယ်တစ်စီးကို နှစ်ယောက်အတူစီးသည့် လူငယ်များနှင့် ညဘက်အပြင်ထွက်သည့် လူငယ်များကို ဖမ်းဆီးပြီး စစ်မှုထမ်းသင်တန်းသားအဖြစ် အတင်းအဓမ္မစုဆောင်းနေသည်။

လူငယ်များကို ပြည်ပထွက်ခွာခွင့် ပိတ်ပင်ထားသည့်အချိန်တွင် ပြည်တွင်း၌လည်း အဓမ္မဖမ်းဆီးမှုများ လုပ်ဆောင်နေခြင်းကြောင့် လူငယ်များသည် "ပြေးစရာမြေမရှိ" ဖြစ်နေသည်။

ယခုဇန်နဝါရီလတွင် မတရားဖမ်းဆီးမှုများ အလွန်အမင်းမြင့်တက်လာသည့်အပြင် ပြည်သူတို့၏ အိုးအိမ်စည်းစိမ်ဖျက်ဆီးမှုများ၊ အတင်းအဓမ္မရွှေ့ပြောင်းခံရမှုများနှင့် ထိခိုက်ဒဏ်ရာ ရရှိမှုများလည်း ဆက်လက်မြင့်တက်နေဆဲဖြစ်သည်။

၎င်းပြင် ပဋိပက္ခကြောင့် အမျိုးသမီးထိခိုက်မှုအရေအတွက်သည်လည်း ယခင်လထက်စာလျှင် (၂) ဆနီးပါး မြင့်တက်လာသည်။

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းသည် သတင်းအချက်အလက်ကောက်ခံစုဆောင်းခြင်းနှင့် သတင်းထုတ်ပြန်ခြင်း မှတဆင့် စစ်တပ်က ၎င်းတို့ကျူးလွန်ထားသည့် လူ့အခွင့်အရေး ချိုးဖောက်မှုများအတွက် ပြစ်ဒဏ်ကင်းလွတ်ခွင့်ရနေသည့် အလေ့အထကို ချိုးဖျက်ရပ်တန့်ရန် လည်းကောင်း၊ မြန်မာနိုင်ငံတွင် စစ်မှန်သောငြိမ်းချမ်းရေးရရှိရန်နှင့် စစ်မှန်သောဖက်ဒရယ် ဒီမိုကရေစီစနစ်ပေါ်ထွန်းရန်လည်းကောင်း ရည်ရွယ်ပါသည်။

အယ်ဒီတာအဖွဲ့
မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း
၂၀၂၅ ဇန်နဝါရီလ

# လူပျောက် အမှုဖွင့် ၊ ဖမ်းဆီးပြီး အာမခံမရတော့တဲ့ လူငယ်များ



ဖေဖော်ဝါရီ ၃၊ ၂၀၂၅

**“ခုဆို ပွဲနှင်းသဘင်တွေနေရာအစုံလုပ်တယ် ဒါနဲ့ လူငယ်တွေ စုလာကြတယ် အဲ့ကနေ သူတို့ (စစ်ကောင်စီ) ဖမ်းခေါ်သွားတယ်၊ ပွဲပြီးတော့ လူတွေပျောက်ကြတယ်၊ သွားတိုင်ရင်လည်း အမှုမဖွင့်ပေးဘူး၊ တစ်ချို့ဆို စစ်မှုထမ်းမှသုံးမရရင် ငွေတောင်းတယ်”** ဟု မွန်ပြည်နယ်ရှိ မွန်လူငယ်တစ်ဦးက ဆိုသည်။

စစ်ရေးနှင့် နယ်မြေဆုံရှုံးနေတဲ့ အာဏာသိမ်းစစ်ကောင်စီတပ်ဟာ ၂၀၂၄ ဖေဖော်ဝါရီ (၁၀) ရက်နေ့က စစ်မှုမထမ်းမနေရ ဥပဒေတစ်ရပ် ထုတ်ပြန်ကြေညာလာခဲ့သည်။ ယင်းထုတ်ပြန် ကြေညာလာပြီးနောက် စစ်မှုထမ်းအတွက် ဧပြီလမှ ဒီဇင်ဘာလအထိ တစ်နှစ်အတွင်း စစ်သင်တန်း အပတ်စဉ် (၈) အထိ ပြုလုပ်လာခဲ့သည်။

စစ်ကောင်စီတပ်သည် စစ်မှုထမ်းရန် တပ်သားသစ်များ စုဆောင်းရာတွင် ရပ်ကွက်အုပ်ချုပ်ရေးမှူးမှ တဆင့် အတင်းဖိအားပေးစေခိုင်းခြင်း၊ အပြစ်မဲ့လူငယ်များကို မတရားဖမ်းဆီးခြင်း၊ ပိုက်ဆံပေးပြီး လူငှားရမ်းခြင်း စသည့်နည်းလမ်းမျိုးစုံဖြင့် ဆက်တိုက်လုပ်ဆောင်လာသည်ကို တွေ့မြင်နေရသည်။

ထိုသို့အနက် စစ်သင်တန်း အပတ်စဉ် (၈) မှ စတင်ကာ မွန်ပြည်နယ်၌ ပွဲလမ်းသဘင်အတွင်း လူငယ်များ ဖမ်းဆီးခြင်း၊ ခရီးသွားလာနေတဲ့ လူငယ်လူရွယ် အမျိုးသား၊ အမျိုးသားများ အကြောင်းမဲ့ ဖမ်းဆီးခြင်းနှင့် စွပ်စွဲပြောဆိုချက်ဖြင့် ဆက်တိုက် စစ်ကောင်စီတပ်မှ ဖမ်းဆီးမှု ပြုလုပ်လာနေခဲ့သည်။

မွန်လူထုအသံ ဒေတာစုဆောင်းချက်အရ ၂၀၂၄ ဒီဇင်ဘာ (၅) ရက်နေ့တွင် မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ မုတ္တမကျေးရွာတွင် မူးယစ်ရမ်းကားနေဟု စွပ်စွဲချက်ဖြင့် အသက် (၂၄) နှစ်အရွယ် ဒေသခံလူငယ်တစ်ဦး ကို မော်လမြိုင်သံလွင်တံတားဂိတ်တွင် စစ်ကောင်စီတပ်မှ ဖမ်းဆီးပြီးနောက် စစ်မှုထမ်းအဖြစ် စစ်သား စုဆောင်းခံထားရကြောင့် ဒေသခံများထံမှ သိရသည်။

၂၀၂၄ ဒီဇင်ဘာ (၁၅) ရက်နေ့ နံနက် (၁) နာရီအချိန်ခန့် ပွဲလမ်းသဘင်မှ ပြန်လာတဲ့ လူငယ်တစ်ဦးကို လမ်းမှ စစ်ကောင်စီတပ်မှ ဖမ်းဆီးပြီး စစ်ကောင်စီခြေမြန်တပ်ရင် (၂၁၀) တပ်သို့ စစ်မှုထမ်းအတွက် ပို့ဆောင်ခဲ့သည်။

**"လူငယ်က အသက်ဘယ်လောက်ရှိလဲမသိရဘူး။ သူပွဲကနေပြန်လာတဲ့အချိန် လမ်းမှာ စစ်တပ်နဲ့တွေ့ ပြီး သူ့မျက်လုံးကို အဝတ်စနဲ့ပိတ်ပြီး ဖမ်းသွားတယ်။ ဖမ်းသွားပြီးတော့ ကလေးကိုယ်တိုင် မိခင်ဖြစ်သူနဲ့ ဖုန်းဆက်ပြီး အမေစိတ်မပူပါနဲ့ သား စစ်မှုထမ်း (၂) နှစ်ပြည့်ပြီးပြီးရင် အိမ်ပြန်လာမယ်လို့ ပြောတယ်။"** ဟု မိသားစုနှင့်နီးစပ်သူတစ်ဦးက ဆိုသည်။

ထို့နောက် ဒီဇင်ဘာ (၂၅) ရက်နေ့တွင်လည်း ပေါင်မြို့နယ် မုတ္တမကွဲခြံကျေးရွာထည့်သွင်းကျင်းပနေတဲ့ ဇာတ်ပွဲအတွင်း မုတ္တမနယ်မြေရဲစခန်းမှူး ဦးဆောင်တဲ့ စစ်ကောင်စီပူးပေါင်းအဖွဲ့သည် ည (၁၀) နာရီပိုင်း၌ အသက် (၃၀) ကိုအောင်မျိုးလှိုင်ကို စစ်မှုထမ်းအဖြစ် အတင်းအဓမ္မ ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည်။

**"ရွာမှာ ပွဲရှိနေတော့ အသာလေး လာကုတ်သွားတာ။ အုပ်ချုပ်ရေးမှူးကို သွားမေးတော့ စခန်းက စစ်မှုထမ်း ဖမ်းသွားတာလို့ ပြောတယ်။ စခန်းမှာ သွားစုံစမ်းဖို့ကျတော့ ဘယ်သူမှ မသွားရဲနေဘူး။ မိသားစုကလည်း ဆင်းရဲတာပါတယ်"** ဟု မိသားစုနဲ့နီးစပ်သူ တစ်ဦးက ပြောပြသည်။

ဒါအပြင် နိုဝင်ဘာ (၁၉) ရက်နေ့ကလည်း ပေါင်မြို့နယ် ဆင်ရွာကျေးရွာ လမ်းခင်းကျောက်ထုတ်လုပ်ရေး လုပ်ငန်းခွင်ရှိ အလုပ်သမား လူငယ် (၂၀) ဦး၊ ဇန်နဝါရီ (၁၂) ရက်နေ့က သထုံမြို့၊ ဘင်လှိုင်ရပ်ကွက် သထုံ- ဘားအံကားလမ်းပေါ်တွင် စစ်ကောင်စီတပ်မှ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (PDF) ဟုစွပ်စွဲပြီး ဆယ်ကျော်သက်လူငယ်နှစ်ဦးကိုလည်းကောင်း စစ်ကောင်စီတပ်မှ စစ်မှုထမ်းအဖြစ် အတင်းအဓမ္မ ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည်။

ထို့နောက် ဇန်နဝါရီ (၂၁) ရက်နေ့က ဇင်းကျိုက်မြို့ပေါ် မြို့မ (၄) ရပ်ကွက်တွင် လူငယ် လေးဦးနှင့် ဇလုပ်ရပ်ကွက်နေ ကျောင်းဆရာမအပါအဝင် ဒေသခံအမျိုးသမီး (၃) ဦးကိုလည်း အတင်းအဓမ္မ စစ်မှုထမ်းအတွက် ဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြောင့် ဒေတာစုဆောင်းချက်အရ သိရသည်။

**"မိသားစုဝင်တွေက ရဲစခန်းကိုသွားပြီးတော့ သူတို့သားရှိ၊ မရှိလိုက်မေးတယ် ရဲစခန်းကမရှိသေးဘူး ပြောလိုက်တယ်။ နောက်တနေ့ နေ့လည်ရောက်မှ ရဲစခန်းက မိသားစုဝင်တွေဆီဖုန်းဆက်လာတယ်။ မိသားစုဝင်တွေကရဲစခန်းသွားပြီး သူတို့သား စစ်မှုထမ်းရင် (၂) နှစ်၊ ဆေးမှုနဲ့ဆို ထောင် (၇) နှစ်ကျမယ်။ မိဘတွေက စစ်မှုမထမ်းခိုင်းလို့ အခုထောင် (၇) နှစ်ကျသွားတယ်။"** ဟု ဒေသခံတစ်ဦးက ပြောဆိုသည်။

ယခုပွင့်လင်းရာသီကာလအတွင်း မွန်ပြည်နယ်ဖြစ်တဲ့ ချောင်းဆုံ၊ မုဒုံ၊ မော်လမြိုင်၊ သထုံစသည် မြို့နယ်ရှိ ကျေးရွာ ရပ်ကွက်၌ ပွဲလမ်းသဘင်အများအပြား စစ်ကောင်စီတပ်မှ ကျင်းပပြုလုပ်လာနေခဲ့ကာ ပြီးခဲ့တဲ့ ဒီဇင်ဘာလက လူငယ် (၁၀) ဦးထက်မနည်း ပေါ်တာဆွဲခံရပြီး ပျောက်ဆုံးနေမှုလည်း ရှိနေခဲ့သည်။

အာဏာသိမ်းပြီးနောက်ပိုင်း စစ်ကောင်စီမှ အာဏာအပြည့်အဝ ထိန်းချုပ်ထားတဲ့ ချောင်းဆုံမြို့နယ်တွင် ဘာသာရေးကိုအကြောင်းပြပြီး မကြာခဏဆိုသလို ဇာတ်ပွဲသွင်းပြီး လောင်းကစားဝိုင်းများ ဖွင့်လှစ်ကာ ညအချိန်မတော်လမ်းသွားလမ်းလာ လူငယ်များကို အလွယ်တကူ ဖမ်းဆီးနိုင်ရန် ရည်ရွယ်ချက်ရှိကြောင်း ဒေသခံများက ပြောဆိုကြသည်။

ထို့ပွဲလမ်းသဘင်အတွင်း ဒေသခံလူငယ်များ ပေါ်တာဆွဲခံရပြီး ပျောက်ဆုံးမှုများရှိပါက တာဝန်ယူဆောင်ရွက်ပေးမည်မဟုတ်ကြောင်း ရပ်ကျေးအုပ်ချုပ်ရေးမှူးများက အပြီးအပိုင်း ပြောဆိုထားသည်။

**“အုပ်ချုပ်ရေးမှူးတွေက သူတို့ပြောထားပြီးသား လူတွေပျောက်ရင် သူတို့တာဝန်မယူဘူး။ ဒါပေမယ့် စစ်မှုထမ်းလူငှားဖို့အတွက်ဆိုပြီး အိမ်တိုင်းပိုက်ဆံလိုက်ကောက်ထားတယ်။ ရွာသားတွေအကုန်လုံး ပိုက်ဆံပေးရတယ် ကိုယ့်အိမ်လူပျောက်ရင် တာဝန်မယူပေးဘူးဆိုတော့ အကုန်လုံးက စိုးရိမ်နေကြတယ်။”** ဟု ချောင်းဆုံဒေသခံတစ်ဦးက ဆိုသည်။

အခြားတစ်ဖက်ရှိ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတွင်လည်း စစ်မှုထမ်းအတွက်ဟုဆိုကာ အရွယ်ရောက် အမျိုးသား (၅) ဦးမှ (၁၀) ဦးအထိ ပို့ဆောင်ပေးရမည့်ဖြစ်ကြောင်း စစ်ကောင်စီတပ်က ကျေးရွာ၊ ရပ်ကွက်များအား ဖိအားပေး ပြောဆို ထုတ်ပြန်ကြေညာမှုရှိနေခဲ့သည်။

ထို့သို့ ဇန်နနဝါရီလ ဒုတိယပတ်မှစတင်၍ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ပေါ် ရပ်ကွက်များဖြစ်တဲ့ ရှမ္မလည်ဆွဲ၊ ကညံ့၊ ဆန်းချီနှင့် အချို့ရပ်ကွက်များတွင် နယ်ထိန်းနှစ်ဦးက ဆင့်ခေါ်စာများ လိုက်လံပေးဆောင်နေပြီး စစ်မှုထမ်းရမည့်သူများအနေဖြင့် စုပေါင်းရုံသို့ မပျက်မကွက်လာရောက်ပေးပါရန် ပြောဆိုလာခဲ့သည်။

**“ဆင်ခေါ်စာမှ (၁၅) ယောက် ရုံးကို လာရမယ်ပေါ့ (၁၁) ယောက်ဘဲ ရောက်လာတယ်။ တစ်ယောက်က ကိုယ်တိုင်လာပြီး ကျန်တဲ့ (၁၀) ယောက်က အုပ်ထိန်းသူမိဘတွေလာကြတယ်။ အဲဒီကိုယ်တိုင်လာတဲ့သူတစ်ယောက်မှာ ကျောက်ကပ်ကလုံးဝပျက်စီးနေပီဆိုတာ ဆေးစာရွက်တွေပြပေမဲ့လည်း ပြန်မလွှတ်တော့ပဲ ခေါ်ထားလိုက်တယ်။”** ဟု ဆင့်ခေါ်စာပေးခံရသူ၏ မိသားစုဝင်တစ်ဦးထံမှ သိရသည်။

ကာယကံရှင်လာရောက်ခြင်းမရှိတဲ့ ကျန်တဲ့အုပ်ထိန်းသူ ရအောင် ပို့ဆောင်ပေးပါရန်နှင့် မပို့ဆောင်ပါက တရားဥပဒေအရ လုပ်ဆောင်သွားမည့်ဟု ခြိမ်းခြောက်ပြောဆိုလာကြောင်း ၎င်းက ထပ်မံ ပြောပြသည်။

ထို့နောက် ကော့သောင်းမြို့နယ်တွင်လည်း စစ်မှုထမ်းအတွက် (၃) ဦးမှ (၅) ဦးအထိ ပို့ဆောင်ရမည့်ဟု မပို့ဆောင်ပါက ခြိမ်းခြောက် ပြောဆိုမှုလည်း ရှိနေခဲ့သည်။

ကရင်ပြည်နယ်၊ ကြာအင်းဆိပ်ကြီးမြို့ပေါ်တွင်လည်း စစ်မှုထမ်းအတွက် တစ်ရပ်ကွက်လျှင် (၁၀) ဦးနှုန်း ပို့ဆောင်ရမည့်ဟု စစ်ကောင်စီတပ်က အုပ်ချုပ်ရေးမှူးထံ အစည်းအဝေး ခေါ်ယူပြီးနောက် ရက်ပိုင်းအတွင်း ကြံ့သလို ပေါ်တာသဘောမျိုးဖြင့် လူငယ်အမျိုးသားများကို ဖမ်းဆီးခေါ်ဆောင်သွားနေကြသည်။

စစ်ကောင်စီတပ်မှ စစ်မှုထမ်းအတွက် ဖိအားပေး ပြောဆိုနေမှုကြောင့် မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်ရှိ ရပ်ကွက်၊ အုပ်ချုပ်ရေးမှူးများ နှုတ်ထွက်ရန် ကြိုးပမ်းနေကြသလို တစ်ချို့အုပ်ချုပ်ရေးမှူးများက စစ်မှုထမ်းအကြောင်းပြပြီး ဒေသခံများထံ ငွေသောင်းချီ တောင်းခံမှုလည်း ရှိနေခဲ့သည်။

**“တကယ်လို့ သူတို့ (စစ်တပ်)ပြောတဲ့အတိုင်း မလုပ်ပေးနိုင်ရင် သူတို့က စာရင်းထဲကအတိုင်း အသက် (၁၈) နှစ်အထက်နဲ့ (၃၅) နှစ်အောက်ရှိတဲ့သူတွေကို စာနဲ့လာခေါ်မယ်၊ အဲအခါကျရင် အုပ်ချုပ်ရေးမှူးက ဘယ်လိုတာဝန်ယူပေးမလဲပေါ့ အဲလိုတွေရှိတယ်”** ဟု အုပ်ချုပ်ရေးမှူးနှင့် နီးစပ်သူတစ်ဦးက ပြောဆိုသည်။

စစ်ကောင်စီတပ်မှ ပြည်သူ့စစ်မှုထမ်းနည်းဥပဒေ နောက်ဆက်တွဲပုံစံ (၁၂) ဖြင့် နိုင်ငံတစ်ဝန်းလုံး (သို့) ဒေသတစ်ချို့မှ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးအတွက် အရေးပေါ် အခြေအနေ ပေါ်ပေါက်ရင် အရွယ်ရောက်သူအားလုံး စစ်မှုထမ်းရမည့်ဟု ယခုနှစ် ၂၀၂၅ ဇန်နဝါရီ (၂၃) ရက်နေ့က ထုတ်ပြန်ကြေညာလာခဲ့သည်။

ဗမာ့ရေးရာနဲ့ ပဋိပက္ခလေ့လာရေးအဖွဲ့ BACS က ရဲ့ အစီရင်ခံစာတွေရ နိုင်ငံတဝန်းမှာ စစ်ကောင်စီရဲ့ စစ်မှုထမ်း အပတ်စဉ် (၁) ကနေ အပတ်စဉ် (၅) အထိ စစ်သားစုဆောင်းခံရသူ (၂၁၀၀၀) ထက်မနည်း ရှိနေပြီး ယင်းထဲမှ သင်တန်းဆင်းတပ်သား (၁၃၀၀၀) ကျော် ရှေ့တန်းပို့ခံထားရသည်။



# ဇာဒီကျေးရွာတွင် မြေမြှုပ်မိုင်းပေါက်ကွဲမှု နေ့စဉ်နီးပါး ဖြစ်ပွားနေ



**ဇန်နဝါရီ ၆၊ ၂၀၂၅**

၂၀၂၄ ဒီဇင်ဘာလတတိယအပတ်တွင် စစ်ကောင်စီတပ်က တနင်္သာရီတိုင်း ရေဖြူမြို့နယ် ကံပေါက်ဒေသ ဇာဒီကျေးရွာအနီး တဝိုက်ကို စစ်ကြောင်းထိုးခဲ့ပြီး စစ်ကြောင်းပြန်လည်ထွက်ခွာသွားပြီးနောက် အဆိုပါဒေသရှိ လမ်းပိုင်းနေရာများတွင် မြေမြှုပ်မိုင်းမကြာခဏပေါက်ကွဲနေပြီး အရပ်သားထိခိုက်မှုရှိလာကြောင်း ဒေသခံများက ပြောသည်။

ဒီဇင်ဘာ (၂၉) ရက်နေ့တွင် ဇာဒီနှင့် ခေါင်ပြန်ကျေးရွာကြားရှိ လယ်ကွင်းတစ်နေရာတွင် မြေမြှုပ်မိုင်းပေါက်ကွဲခဲ့ပြီး နွားတစ်ကောင် သေဆုံးခဲ့သည်။ ဒီဇင်ဘာလ (၃၀) ရက်နေ့တွင်လည်း ဇာဒီတံတားကြီးအနီးတွင် မြေမြှုပ်မိုင်း (၂) လုံး ထပ်မံပေါက်ကွဲခဲ့သည်။

၂၀၂၄ ဇန်နဝါရီလ (၅) ရက်နေ့တွင်လည်း ဇာဒီကျေးရွာပတ်လမ်းအတိုင်း ဆိုင်ကယ်မောင်းနှင်လာသည့် အသက် (၄၀) အရွယ် မီးသစ်သစ်နှင့် အသက် (၃၀) အရွယ် မောင်ဖြစ်သူတို့ မြေမြှုပ်မိုင်းနင်းမိပြီး ထိခိုက်ဒဏ်ရာရခဲ့သည်။

**"ဆိုင်ကယ်မောင်းလာတဲ့အချိန် မြေမြှုပ်မိုင်းနင်းမိပြီး ဆိုင်ကယ်က လုံးဝပျက်စီးသွားတယ်။ အမျိုးသမီးက ပေါင်မှာ ဒဏ်ရာရပြီး အမျိုးသားက လက်မှာ ဒဏ်ရာရသွားတယ်"** ဟု ဇာဒီရွာသားတစ်ဦးက ပြောသည်။

စစ်ကောင်စီစစ်ကြောင်းသည် ဇာဒီကျေးရွာမှ ပရကျေးရွာဘက်သို့ ထွက်သွားခဲ့ပြီး စစ်ကြောင်းထွက်ခွာချိန်တွင် လျှပ်စစ်မီးနှင့် ဖုန်းလိုင်းများကိုလည်း ဖြတ်တောက်ထားသည်။

**"အခုလို မိုင်းပေါက်တာမျိုးတွေ ဖြစ်နေတော့ ရွာထဲကို ဘယ်သူမှ မဝင်ရဲကြတော့ဘူး။ ရပ်ရွာကို ငဲ့ညှာပြီး ထောင်ထားတဲ့အဖွဲ့ ကိုယ်တိုင်ပဲ မိုင်းတွေကို ပြန်ရှင်းပေးစေချင်တယ်"** ဟု ဒေသခံတစ်ဦးက ပြောသည်။

# နှစ်ပတ်နီးပါး ရှိလာနေပြီးဖြစ်တဲ့ ကျုံလောင်းတိုက်ပွဲ



**ဇန်နဝါရီ ၂၀၊ ၂၀၂၅**

၂၀၂၅ ဇန်နဝါရီ (၈) ရက်နေ့မှစတင်ကာ မွန်ပြည်နယ်၊ ရေးမြို့နယ်၊ ကျုံးလောင်ကျေးရွာဟောင်းအနီး တော်လှန်ရေးတပ်ဖွဲ့မှ ရောက်ရှိနေဟုဆိုကာ စစ်ကောင်စီတပ်အင်အား (၃၀) နီးပါက ဓမ္မကာရုံး ဘိုးကလေးဘုန်းကြီးကျောင်းမှ ဝင်ရောက်တပ်စွဲခဲ့ပြီး လက်နက်ကြီးဖြင့် ရမ်းသမ်းပစ်ခတ်မှု ပြုလုပ်လာခဲ့သည်။

ဒါ့အပြင် ဇန်နဝါရီ (၉) ရက်နေ့တွင်လည်း သို့ စစ်ကောင်စီ၏ စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ် (စကခ) (၁၉) လက်အောက်ခံ ရေးမြို့နယ်အခြေစိုက် စစ်ကြောင်းအင်းအား (၃၀၀) ကျော်သည့် ကျုံလောင်းရွာဟောင်းဘက်သို့ စစ်ကြောင်းထိုးခဲ့လာခဲ့သည်။

အဆိုပါ စစ်ကြောင်းထိုးလာတဲ့ စစ်ကောင်စီတပ်သည့် မွန်၊ ကရင် ပြည်သူကာကွယ်ရေးတပ်ဖွဲ့(PDF) တော်လှန်ရေးအင်အားစုပူးပေါင်းတပ်များအကြား တိုက်ပွဲများ စတင်ဖြစ်ပွားခဲ့သည်။

စစ်ကောင်စီတပ်မှ လက်နက်ကြီးဖြင့် ပစ်ခတ်ခြင်းနှင့် လက်နက်ကြီးဖြင့် ပစ်ခတ်မှုကြောင့် ရေချောင်းဖျားဒေသ ကျုံလောင်းရွာဟောင်း၊ ဝယ်ဇင်၊ ဝယ်ဖိုင်၊ ကျောက်မိကျောင်း၊ ချောင်းဒူကျေးရွာ (၅) ရွာရှိ ဒေသခံ (၇၅၇) ဦးက ဘေးလွတ်ရာသို့ ထွက်ပြေးတိမ်ရှောင်ကြရသည်။

ထွက်ပြေးတိမ်ရှောင်လာတဲ့ ဒေသခံအများစုသည့် မွန်ပြည်သစ်ပါတီထိန်းချုပ်ရာနယ်မြေ ဓမ္မပါလရွာ ဘုန်ကြီးကျောင်းနှင့် ဖလံချောင်းဝကျေးရွာအတွင်း (၇၀၀) ဦးထက်မနည်းရှိနေပြီး ကျန်ရှိနေတဲ့ ဒေသခံများသည့် နီးစပ်ရာဆွေမျိုးနှင့် ဥယျာဥ်ခြံ၌ နေထိုင်နေကြသည်။

လက်ရှိတွင် ခမ္မပါလကျေးရွာသို့ တိမ်းရှောင်လာတဲ့ ဒေသခံပြည်သူများသည့် ရာသီဥတုဒဏ်နှင့် နေရာအထိုင်ခင်း အဆင်မပြေမှုကြောင့် ကလေး၊ သက်ကြီးပိုင်းနှင့် ကိုယ်ဝန်ဆောင်အမျိုးသမီးအပါအဝင် စစ်ရှောင်သူ(၈၀) နီးပါး နှာစေး၊ ချောင်းဆိုးရောဂါများ ကူးစက်ခံရပြီး ရောဂါကုသကာကွယ်ရန် အရေးပေါ်ဆေးဝါးများ လိုအပ်လျက်ရှိကြောင်း စစ်ဘေးရှောင်အရေး ကူညီနေသူတစ်ဦးထံမှ သိရသည်။

“အခုရာသီဥတုက အရမ်းအေးတော့ စစ်ရှောင်နေတဲ့ ကလေးတွေ သက်ကြီးပိုင်းလူကြီးတွေ နေရာထိုင်ခင်း အဆင်မပြေတဲ့အတွက်ကြောင့် အယောက် (၈၀) လောက် နှာစေး၊ ချောင်းဆိုးရောဂါ ဖြစ်ကြတယ်။ လောလောဆယ် ဆေးဝါးတွေ အရေးပေါ်လိုအပ်နေတယ်။” ဟု စစ်ဘေးရှောင်အရေး ကူညီထောက်ပံ့နေသူတစ်ဦးက ပြောသည်။

ထို့နောက် ရေချောင်းဖျာဒေသခံအစိုက အသုံးပြုနေတဲ့ မွန်ပြည်သစ်ပါတီထိန်းချုပ်ရာ ဝယ်ဇင်းကျေးရွာရှိ ဆေးရုံးကိုလည်း တိုက်ပွဲကြောင့် ပိတ်ထားခဲ့ရာ စစ်ဘေးရှောင်လာထဲမှ မွေးလစေ့ ကိုယ်ဝန်ဆောင်မိခင်နှစ်ဦးလည်း မွေးဖွားရန် အခက်အခဲရှိနေပြီး မိသားစုဝင်များက စိုးရိမ်နေလျက်ရှိနေကြသည်။

“အခုလောလောဆယ်တော့ သူတို့ဘာမှစီစဥ်ထားတာမရှိသေးပါဘူး။ ဒီဘက်မှာက ဝယ်ဇင်က ဆေးခန်းပဲရှိတယ် တိုက်ပွဲအခြေအနေကြောင့် အဲဆေးခန်းလဲ ပိတ်ထားရတယ်၊ ဆေးခန်းသွားရမယ်ဆို ဗလဲ့ဒွန်ဖိုက်ဘက်ကပဲရှိတယ်။” ဟု ၎င်းက ထပ်လောင်းပြောဆိုသည်။




**နီးလာနေတဲ့ အတန်းတင် စာမေးပွဲနှင့် စစ်ဘေးရှောင် မိဘများ၏ စိုးရိမ်မှု**

၂၀၂၄-၂၀၂၅ ခုနှစ်ပညာသင်နှစ်အတွက် အခြေခံပညာရေးကျောင်းများမှ နှစ်ဆုံးစာမေးပွဲဖြေဆိုရန် Grade 4,6,7,8 တန်းကို ဖေဖော်ဝါရီလ (၂၀) ရက်နေ့မှ (၂၅) ရက်နေ့အထိ၊ Grade 5,9 တန်းကို မတ်လ (၃) ရက်နေ့မှ (၈) ရက်နေ့အထိ၊ Grade 10,11 တန်းကို ဖေဖော်ဝါရီလ (၂၀) ရက်နေ့မှ (၂၇) ရက်နေ့အထိ ဖြေဆိုရမည်ဖြစ်သည်။

အဆိုပါ ဖြေဆိုရမည့် အတန်းတင်စာမေးပွဲကို ဖြေဆိုရန် တိုက်ပွဲကြောင့် ကျုံလောင်း၊ ကျောက်မိချောင်းကျေးရွာမှ အခြေခံပညာ မူလတန်းကျောင်း နှစ်ကျောင်းနှင့် ဝယ်ဇင်း၊ ခမ္မပါလ၊ ဝယ်ပေါင်

ကျေးရွာတို့မှ မွန်အမျိုးသား မူလတန်းကျောင်း (၃) ကျောင်း၊ စုစုပေါင်း စာသင်ကျောင်း (၅) ကျောင်းဟာ ဇန်နဝါရီ (၁၀) ရက်နေ့ကစတင်ကာ ပိတ်ထားရသည်။

“အခုတော့ မိဘနဲ့အတူ ဘေးလွတ်ရာကို ထွက်ပြေးနေကြတာ၊ ကျောင်းပြန်ဖွင့်ဖို့က ကြာနေဦးမယ် ဘာလို့လဲဆိုတော့ ဒီတိုက်ပွဲက လွယ်လွယ်နဲ့မပြီးနိုင်ဘူး၊ ပြီးတော့ ဆရာ၊ ဆရာမတွေကလဲ ပြေးနေရတယ်၊ ဒီနှစ်တော့စာမေးပွဲဖြေဖို့ မဖြစ်နိုင်တော့ဘူး ထင်တယ်။” ဟု ဒေသခံတစ်ဦးက ပြောသည်။

ယင်းစာသင်ကျောင်း (၅) ကျောင်းမှ ကျောင်းသား၊ကျောင်းသူပေါင်း (၆၁၀) ကျော် ရှိနေပြီး ပညာသင်ကြားခွင့်ကိုလည်း ရပ်ဆိုင်းထားရသည်။

၎င်းအပြင် ဇန်နဝါရီ (၁၅) ရက်နေ့မှစတင်ကာ နှစ်ဖက်တိုက်ပွဲ ငြိမ်သက်နေသော်လည်း စစ်ကောင်စီတပ်ဘက် လက်နက်ကြီးဖြင့် ရမ်းသမ်းပစ်ခတ်နေမှု ပြုလုပ်နေဆဲဖြစ်သည့်အတွက် ဖေဖော်ဝါရီလအတွင်း ကျင်းပမည့် နှစ်ဆုံး အတန်းတင်စာမေးပွဲကို ဖြေဆိုရန် မိဘများက ကလေးငယ်အတွက် အသက်အန္တရာယ်နှင့် ပညာရေးတစ်စုံတစ်ရာ ထိခိုက်လာမည်ကို စိုးရိမ်နေကြရသည်။

လက်ရှိတွင်လည်း မွန်ပြည်သစ်ပါတီ ပညာရေးဌာနမှ စစ်ဘေးရှောင်နေသော ကျောင်းသူကျောင်းသားများ ရှိရာနေရာနှင့် လူဦးရေကို စာရင်းကောက်ယူမှုရှိနေကြောင်း ဒေသခံထံမှ သိရသည်။

## ရေချောင်းဖျားဒေသခံထံ စားနပ်ရိက္ခာ ပိတ်ပင်မှု


Photo crd: HURFOM

တိုက်ပွဲဖြစ်ပွားပြီးနောက် ရေး-ကျောင်းရွာလမ်းပိုင် စစ်ကောင်စီတပ်မှ စစ်ဆေးမှုတင်းကြပ်ထားသည့်အပြင် စားနပ်ရိက္ခာတင်သွင်းခွင့်ကိုလည်း ဇန်နဝါရီ (၁၂) ရက်နေ့မှ စတင်ကာ ကန့်သတ်ပိတ်ပင်တားမြစ်လိုက်ကြောင်း ဒေသခံများထံမှ သိရသည်။

စစ်ကောင်စီမှ ကျောင်းရွာပြင်ပနှင့် ရွာအတွင်းသို့ ဆန်၊ စားနပ်ရိက္ခာနှင့် ကုန်ခြောက်များကို အကန့်အသတ်ဖြင့်သာ တင်ဆောင်ခွင့်ပေးထားပြီး သိမ်းဆည်းမှုပါ လုပ်ဆောင်နေခြင်းကြောင့် တိုက်ပွဲဖြစ်ပွားခြင်းမရှိသည့်ကျေးရွာတို့တွင်လည်း ဆန်၊ ဆီ၊ ဆေး စားနပ်ရိက္ခာ ပြတ်လပ်မှု ဖြစ်ပေါ်လာနေကြောင်း ရေးချောင်ဖျားဒေသခံတစ်ဦးက ပြောပြသည်။

**“ရွာမှာ ကြက်ဥကို တစ်လုံး (၁၀၀၀) ကျပ်နဲ့ ဝယ်စားနေရတယ်။ အခုလဲ ဆိုင်ကယ်နဲ့ ဈေးလာရောင်းတဲ့ ဈေးသည်အာလုံးကို သူတို့က (စစ်တပ်) ပစ္စည်းတွေ့ကို သိမ်းလိုက်တယ်။ ရေးချောင်းဖျားတစ်လျှောက် ဆန်နဲ့ စားစရာတွေ ပြတ်နေပြီး”** ဟု ရေးချောင်းဖျားဒေသခံတစ်ဦးက ဆိုသည်။

သယ်ယူခွင့်များ ကန့်သတ်လိုက်ခြင်း ရက်ကြာလာသည့်နှင့်အမျှ အတွင်းဘက်ကျေးရွာတွေမှာ ပစ္စည်းပြတ်လပ်တာတွေ ရှိလာပြီး ဒေသခံများ အဓိက ဆန်အပါအဝင် စားသောက်ကုန်နှင့် ခေါက်ဆွဲဈေးနှုန်းများ ပုံမှန်ထက် ထက်ဝက်ကျော်မြင့်တက်လာပြီးဖြစ်သည်။

လက်ရှိ ဒေသခံအများစုသည့် ကရင်ပြည်နယ်၊ ဘုရားသုံးဆူလမ်းမှာတစ်ဆင့် ဆန်များကို ဝယ်ယူနေရသည့်အပြင် စစ်ဘေးရှောင်အတွက် ဆန်၊ စားနပ်ရိက္ခာနှင့် အသုံးအဆောင်ပစ္စည်းများကို ထို့မှ တစ်ဆင့် ဝယ်ယူ ထောက်ပံ့နေကြရသည်။

## အရပ်သား ထိခိုက်သေဆုံးမှု၊ ဖမ်းဆီးမှု

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း၏ စုဆောင်းချက်အရ တိုက်ပွဲကာလအတွင်း စစ်ကောင်စီတပ်မှ ဒေသခံနှစ်ဦးကို သတ်ဖြတ်ခံခဲ့ရပြီး (၅၀) ဦးထက်မနည်း ဖမ်းဆီးခေါ်ဆောင်သွားခဲ့ကာ လက်နက်ကြီးကြောင့် အမျိုးသမီးတစ်ဦးလည်း ထိခိုက်ဒဏ်ရာရရှိခဲ့သည်။




တိုက်ပွဲစတင်ဖြစ်ပွားခဲ့တဲ့ ဇန်နဝါရီ (၉) ရက်နေ့က စစ်ကောင်စီ စစ်ကြောင်းမှ ကျုံးလောင်ရွာဟောင်းနှင့် ကျိုက်ဟင်းအိုကျေးရွာအကြား အမည်မသိ အမျိုးသားနှစ်ဦး သတ်ဖြတ်ခဲ့ပြီး ၎င်းတို့တပ်စွဲထားတဲ့ ဘိုးကလေးဘုန်းကြီးကျောင်းများ ဘုန်းကြီးတစ်ပါး ဖမ်းဆီးခဲ့ကြောင့် ဒေသခံသတင်းရင်းမြစ်တစ်ဦးက ပြောပြသည်။




ဒါ့အပြင် စစ်ကောင်စီတပ်က စစ်ကြောင်းထိုးဝင်ရောက်လာချိန် အိုင်ပုတ်၊ ကျုံလောင်းရွာဟောင်း၊ ရွှေ့ပြောင်းလုပ်သားတွေ အပါအဝင် အနီးပတ်ဝန်းကျင်မှ ကျေးရွာမှ အရပ်သား (၅၀) ဦးနီးပါးကို လူသားဒိုင်းအနေဖြင့် ဖမ်းဆီးခံထားရကြောင်း ၎င်းက ထပ်မံ ပြောပြသည်။

၂၀၂၅ ဇန်နဝါရီ (၁၄) ရက်နေ့ကလည်း ရေးမြို့နယ် ကျောင်းရွာအခြေစိုက် ခမရ(၅၈၃) တပ်မှ လက်နက်ကြီးရမ်းသမ်းပစ်ခတ်မှုကြောင့် အိုင်ရှည်ကျေးရွာမှ ရော်ဘာအစေးခြစ်နေသူ အမျိုးသမီးတစ်ဦး ဦးခေါင်းတွင် ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

**“တိုက်ပွဲမရှိဘဲ စစ်တပ် (၅၈၃) ကနေ လက်နက်ကြီး (၃) ချက်ပစ်နေတာ နောက်ဆုံးအချက်မှာ ဒီအမျိုးသမီးရဲ့ဦးခေါင်းကို ထိသွားတယ် သူက ခြံထဲမှာရော်ဘာအစေးခြစ်နေတဲ့ ရွှေ့ပြောင်းအလုပ်သမားတစ်ဦးဖြစ်တယ် အခုသူ့ကို ဖလံချောင်းဝဆေးရုံကို ပို့ထားတယ်။”** ဒေသခံတစ်ဦးက ပြောဆိုသည်။

ကျောင်းရွာတွင် တိုက်ပွဲဖြစ်ပွားခဲ့ခြင်းမရှိဘဲ စစ်ကောင်စီတပ်မှ နေ့ရောညပါ လက်နက်ကြီးရမ်းသမ်းပစ်ခတ်နေမှုကြောင့် ဒေသခံပြည်သူများ စိုးရိမ်ထိတ်လန့်နေကြကြောင်း သိရသည်။

ဒေသခံများအဆိုအရ လက်ရှိ၌ နှစ်ဖက်တိုက်ပွဲ ပစ်ခတ်မှုငြိမ်သက်နေသော်လည်း စစ်ရေးတင်းမာနေဆဲဖြစ်ပြီး အချိန်မရွေး ထပ်မံ တိုက်ပွဲပြင်းထန်လာနိုင်တဲ့အနေအထားမှာ ရှိနေကြသည်။

# ချောင်းဆုံတွင် အသက် (၁၈) နှစ်ပြည့်ကျောင်းသားများကို စစ်မှုထမ်းရန် စာရင်းကောက်ယူနေ



**ဇန်နဝါရီ ၂၉၊ ၂၀၂၅**

၂၀၂၅ ဇန်နဝါရီလ (၂၇) ရက်နေ့တွင် စစ်ကောင်စီတပ်ဖွဲ့ဝင်များနှင့် ရပ်ကျေးအုပ်ချုပ်ရေးမှူးများက မွန်ပြည်နယ် ချောင်းဆုံမြို့နယ်ရှိ အခြေခံပညာကျောင်းများသို့ ရောက်ရှိလာပြီး အသက် (၁၈) နှစ်ပြည့်ပြီး ကျောင်းသားများကို စစ်မှုထမ်းရန်အတွက် စာရင်းကောက်ယူသွားကြောင်း သိရသည်။

**"ကျောင်းတက်နေတုန်းဆိုတော့ (စစ်မှုထမ်းဖို့) ခေါ်လို့မရဘူး။ အဲကလေးတွေက ကျောင်းထွက်သွားတာ၊ နိုင်ငံခြားထွက်သွားတာမျိုးဆို အချိန်မရွေးစစ်မှုထမ်းခေါ်ဖို့ စာရင်းကောက်ထားတာ။ လောလောဆယ်တော့ စာရင်းပဲ ယူထားတယ်၊ ဖမ်းသွားလို့ မရဘူး"** ဟု ချောင်းဆုံဒေသခံတစ်ဦးက ပြောသည်။


စစ်ကောင်စီ၏လုပ်ရပ်က ကလေးသူငယ်များ၏ အခွင့်အရေးကို ချိုးဖောက်နေသည့်အပြင် ၎င်းတို့၏အနာဂတ်ကိုပါ ရိုက်ချိုးနေခြင်းဖြစ်ကြောင်း ၎င်းက ဆက်ပြောသည်။ စစ်ကောင်စီက စာသင်ကျောင်းအထိ လာရောက်စာရင်းကောက်ယူနေခြင်းကြောင့် ကျောင်းသားမိဘများက အလွန်အမင်းစိုးရိမ်နေကြောင်း သိရသည်။

**"ဒီလိုလုပ်တာ ကလေးတွေရဲ့အနာဂတ်ကို ရိုက်ချိုးတာနဲ့ အတူတူပဲ။ ကျွန်မကိုယ်တိုင် သားရှင်မို့လို့ အရမ်းစိုးရိမ်ပြီး စိတ်သောကရောက်နေတယ်"** ဟု ကျောင်းသားမိဘတစ်ဦးက ပြောသည်။

မကြာမီရက်ပိုင်းတွင် စစ်ကောင်စီက စစ်မှုထမ်းနည်းဥပဒေကို ထုတ်ပြန်ခဲ့ပြီး အဆိုပါနည်းဥပဒေ၌ အခြေခံပညာကျောင်းများတွင် စစ်မှုထမ်းဥပဒေကို သင်ရိုးညွှန်းတမ်းတွင် ထည့်သွင်းသင်ကြားရန် ပြဋ္ဌာန်းထားသည်။

# မွန်ပြည်နယ် ၊ ကရင်ပြည်နယ် ၊ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြေမြုပ်မိုင်းပေါက်ကွဲမှု ၊ ဒဏ်ရာအနာတရ နှင့် သေဆုံးသူအရေအတွက်

ဇန်နဝါရီလ ၂၀၂၅




မွန်ပြည်နယ် - 1 ကြိမ်

ကရင်ပြည်နယ် - 0 ကြိမ်

တနင်္သာရီတိုင်းဒေသ -3 ကြိမ်




အမျိုးသား - ၄ ဦး(၂ ဦးဒဏ်ရာရ/ ၂ ဦးသေဆုံး) ၊ အမျိုးသမီး - ၂ ဦး(၂ ဦးဒဏ်ရာ)၊



မွန်ပြည်လူ့ အခွင့်အရေးဖောင်ဒေးရှင်းမှ ထုတ်ဝေသည်။

# တနင်္သာရီတွင် လက်နက်ကြီးကြောင့် ဒေသခံ (၇) ဦး ဒဏ်ရာရ၊ (၁) ဦး သေဆုံး







**ဇန်နဝါရီ ၂၃၊ ၂၀၂၄**

၂၀၂၅ ဇန်နဝါရီလ (၂၂) ရက်နေ့တွင် တနင်္သာရီတိုင်း တနင်္သာရီ မြို့နယ် မော်တုန်းကျေးရွာအခြေစိုက် အမှတ် (၃၀၆) အမြောက်တပ်ရင်းက တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ ၁၂၀-မမ လက်နက်ကြီးဖြင့် ရမ်းသမ်းပစ်ခတ်ခဲ့ရာ ဒေသခံအမျိုးသား (၄) ဦးနှင့် အမျိုးသမီး (၃) ဦးတို့ ထိခိုက်ဒဏ်ရာရခဲ့သည်။

ပဝကျေးရွာတွင် လက်နက်ကြီး (၂) လုံးနှင့် အရှေ့သာရဖုံကျေးရွာတွင် လက်နက်ကြီး (၂) လုံး ကျရောက်ပေါက်ကွဲခဲ့ပြီး ပဝကျေးရွာမှ အသက် (၁၆) နှစ်အရွယ် မလှိုင်ဇင်ဖြိုး၊ အသက် (၁၇) နှစ်အရွယ် ကိုဖြိုးဝေယံ၊ အသက် (၅၂) နှစ်အရွယ် ဒေါ်သီဆွေ၊ အသက် (၂၀) အရွယ် မဆည်းဆာနှင်း၊ အသက် (၄၂) နှစ်အရွယ် ဦးနဲအေး၊ အသက် (၄၂) နှစ်အရွယ် ဦးစိုးထိုက်ထွေးနှင့် အရှေ့သာရဖုံကျေးရွာမှ အသက် (၁၉) နှစ်အရွယ် မဇင်သူလွင်တို့ ဒဏ်ရာရခဲ့သည်။

**“အမျိုးသား (၂) ယောက်နဲ့ အမျိုးသမီး (၂) ယောက်တော့ ဒဏ်ရာပြင်းတယ်။ အမျိုးသားတစ်ယောက်က လိင်အင်္ဂါကို ထိမှန်သွားလို့ ဒီနေ့ (ဇန်နဝါရီ (၂၃) ရက်နေ့) မနက်ပိုင်းပိုင်းမှာ မြိတ်ဆေးရုံကိုပို့တဲ့လမ်းမှာ သေသွားတယ်”** ဟု ဒေသခံတစ်ဦးက ပြောသည်။

ဒဏ်ရာနည်းပါးသူများကို တော်လှန်ရေးတပ်ဖွဲ့များက ကုသမှုပေးနေပြီး ဒဏ်ရာပြင်းထန်သူများကို မြိတ်ဆေးရုံသို့ ပို့ဆောင်ထားကြောင်း သိရသည်။

လက်နက်ကြီးကျရောက်ပေါက်ကွဲမှုကြောင့် အရှေ့သာရဖုံကျေးရွာမှ နေအိမ် (၂) လုံး ထိခိုက်ပျက်စီးခဲ့ပြီး ပဝကျေးရွာမှ နေအိမ် (၂) လုံး ပျက်စီးကာ (၁) လုံးသည် မီးလောင်ပြာကျခဲ့သည်။

**“ဒီနေ့မနက်မှာလည်း (၃၀၆) အမြောက်တပ်က အနီးအနားပတ်ဝန်းကျင်ကို လက်နက်ကြီးနဲ့ ပစ်နေတယ်။ ပဝကျေးရွာကလူတွေကတော့ အနီးအနားကတောတောင်တွေဘက်ကို ထွက်ပြေးတိမ်းရှောင်နေရတယ်”** ဟု ဒေသခံတစ်ဦးက ပြောသည်။

၂၀၂၄ နိုဝင်ဘာလ (၂၆) ရက်နေ့တွင်လည်း စစ်ကောင်စီ၏လက်နက်ကြီးကြောင့် တနင်္သာရီမြို့နယ် ကတော့ကမ်းကျေးရွာမှ ဒေသခံအမျိုးသား (၂) ဦး ထိခိုက်ဒဏ်ရာရခဲ့သည်။


# ၂၀၂၅ ဇန်နဝါရီလအတွင်း လက်နက်ကြီးပစ်ခတ်မှုကြောင့် အသက်ဆုံးရှုံးမှု နှင့် ဒဏ်ရာအနာတရရရှိသူ စာရင်း




ဒဏ်ရာအနာတရ ရရှိသူ စုစုပေါင်း (၁၃) ဦး၊ အမျိုးသမီး(၁)ဦး၊အမျိုးသား(၈)ဦး၊ ကလေးသူငယ်(၄)ဦး





သေဆုံးသူ စုစုပေါင်း (၃) ဦး၊ အမျိုးသမီး(၁)ဦး၊အမျိုးသား(၂)ဦး၊ ကလေးသူငယ်(၀)ဦး





မွန်ပြည်လူ့ အခွင့်အရေးဖောင်ဒေးရှင်းမှ ထုတ်ဝေသည်။

# မွန်ပြည်နယ် ၊ ကရင်ပြည်နယ် ၊ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ (၁၂) လအတွင်း ဖမ်းဆီးမှု၊ ချုပ်နှောင်မှု ၊ ဒဏ်ရာအနာတရ ရရှိမှု နှင့် သတ်ဖြတ်မှု အရေအတွက်




၂၀၂၅ ဇန်နဝါရီလအကုန်တွင် မတရားဖမ်းဆီးခံရမှု (၉၇) မှု၊ ချုပ်နှောင်ထိန်းသိမ်းခံရမှု (၇၀) မှု၊ ထိခိုက်ဒဏ်ရာရရှိမှု (၁၂၀) မှုနှင့် မတရားသတ်ဖြတ်ခံရမှု (၂၉) မှုတို့ ဖြစ်ပွားခဲ့ကြောင်း မှတ်တမ်းတင်ခဲ့သည်။

# (၁၄) ဦးသာ လွတ်ငြိမ်းခွင့်ပါလာတဲ့ မြန်မာနိုင်ငံတောင်ပိုင်းရှိ နိုင်ငံရေးအကျဉ်းသား




**ဇန်နဝါရီ ၈၊ ၂၀၂၅**

၂၀၂၅ ဇန်နဝါရီ (၄) ရက်က ကျရောက်သည့် (၇၇) ကြိမ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်နေ့အဖြစ် စစ်ကောင်စီတပ်မှ နိုင်ငံတစ်ဝန်းရှိ အကျဉ်းထောင်၊ အချုပ်ထောင်အသီးသီးရှိ နိုင်ငံရေးအကျဉ်းသားအပါအဝင် အကျဉ်းသား (၅၈၆၄) ဦးကို ပြန်လွှတ်ပေးခဲ့သည်။

ထို့ပြန်လည်လွတ်မြောက်လာတဲ့ မြန်မာနိုင်ငံတောင်ပိုင်းရှိ မွန်၊ ကရင်၊ တနင်္သာရီတိုင်းဒေသကြီး အကျဉ်ထောင် အသီးသီး၌ နိုင်ငံရေးအကျဉ်းသား (၁၄) ဦးသာ ပါဝင်လာခဲ့သည်။

ယင်း နိုင်ငံရေးအကျဉ်းသားများထဲမှ မွန်ပြည်နယ်တွင် ကျိုက်မရောအကျဉ်းထောင်မှ နိုင်ငံရေးအကျဉ်းသား (၅) ဦး၊ သထုံအကျဉ်ထောင် တစ်ဦး၊ တနင်္သာရီတိုင်းဒေသကြီးတွင် ထားဝယ်အကျဉ်းထောင်တွင် နှစ်ဦးနှင့် မြိတ်အကျဉ်းထောင်မှ (၆) ဦး၊ ကော့သောင်းအကျဉ်းထောင်နှင့် ဘားအံအကျဉ်းထောက်ရှိ နိုင်ငံရေးအကျဉ်းသားများ ပြန်လည်လွတ်မြောက်လာခြင်းမရှိဘဲ စုစုပေါင် (၁၄) ဦးသာ လွတ်ငြိမ်းခွင့် ပါလာခဲ့သည်။

**"ဗိုလ်ချုပ်ဖော်မင်းထွန်းကတော့ ပုဒ်မ (၅၀၅) နဲ့ နိုင်ကျဉ်းတွေကို (၆၀၀) ကျော် လွှတ်ပေးထားတယ်လို့ ပြောတယ် တကယ်တမ်းတော့ ကျွန်တော်တို့ နိုင်ငံတစ်ဝန်းက အကျဉ်းထောင်၊ အချုပ်ထောင်နဲ့ ရဲစခန်းမှာ နိုင်ငံရေး အကျဉ်းသားဖြင့် ဖမ်းဆီးခံထားရတဲ့ သူတွေကို စရင်းကောက်ယူရရှိသလောက်က (၆၀၀) ထဲမှာ တစ်ဝက် လောက်ပဲလွတ်လာတဲ့အထဲမှာပါတယ်"** ဟု နိုင်ငံရေးအကျဉ်းသားကူညီစောင့်ရှောက်ရေး (PPNM) အသင်းမှ အဖွဲ့ဝင်တစ်ဦးက ပြောသည်။

အဆိုပါ ထားဝယ်အကျဉ်းထောင် ပြန်လည်လွတ်မြောက်လာတဲ့ နိုင်ငံရေးအကျဉ်းသားထဲမှ လောင်းလုံးမြို့သူ ပုဒ်မ ၅၀(ည) ဖြင့် ထောင်ဒဏ် (၁၀) နှစ် ကျခံနေရသည့် မဝေဝေအိ နှင့် ထားဝယ်မြို့၊ အိုးလုပ်ရပ်ကွက်နေ ပုဒ်မ ၅၀၅(က)ဖြင့် ထောင်ဒဏ် (၃) နှစ်ကျခံနေရသည့် CDM ကျောင်းဆရာ ကိုဖြိုးထိုက်ဇော်တို့ နှစ်ဦးဖြစ်သည်။




**"နိုင်ငံရေးပုဒ်မနဲ့ လွတ်လာသူတွေက ၃ယောက်ရှိတယ်လို့ ကြားရပေမဲ့ အမှန်တကယ် နှစ်ယောက်ပဲ ပါလာတာ။ အခြားမြို့တွေကလိုမျိုး ဘယ်လောက်လွတ်ဖို့ရှိတာလဲဆိုတာ ကြိုမသိရတဲ့အပြင် စုံစမ်းဖို့ကလည်း လုံးဝမလွယ်ကူတဲ့အနေအထားပါ။ အသိမိန်းကလေးတစ်ယောက်ဆို လွတ်ဖို့ (၇) ရက်ပဲကျန်ပီဆိုပေမဲ့ လွတ်ငြိမ်းထဲ ပါမလာဘူး"** ဟု ထားဝယ် နိုင်ငံရေးအကျဉ်းသားများကူညီလုပ်ကိုင်ပေးနေသူတစ်ဦးထံမှ သိရသည်။

ထို့အပြင် ထားဝယ်အကျဉ်းထောင်၌ နိုင်ငံရေးအကျဉ်းသားများကို ပိုပြီးဖိနှိပ်လာတဲ့အပြင် တစ်နှစ်ထက်တစ်နှစ် လွတ်ငြိမ်းပေးခြင်း နည်းလာနေကြောင်း ၎င်းက ထပ်မံ ပြောသည်။

"နိုင်ငံရေးအကျဉ်းသားတွေကို ကူညီလုပ်ကိုင်ပေးနေလည်း စစ်ကောင်စီက စုံစမ်းစစ်ဆေးနေတာတွေရှိလာတဲ့အတွက် အကျဉ်းသားတွေကိစ္စနဲ့ ပတ်သက်ပြီး မေးမြန်းရတာ အရင်လိုမလွယ်ကူတော့ဘူး။" ဟု ထားဝယ် နိုင်ငံရေးအကျဉ်းသားကူညီစောင်ရှောင်သူတစ်ဦးက ပြောဆိုသည်။

အဆိုပါ လွတ်လပ်ရေးနေ့ အခမ်းအနား၌ စစ်ကောင်စီပြောခွင့်ရ ဗိုလ်ချုပ်ဇော်မင်းထွန်းက လွတ်ငြိမ်းချမ်းသာခွင့်ပေးခဲ့တဲ့ အကျဉ်းသားများ၌ ရာဇသတ်ကြီးပုဒ်မ (၅၀၅) ဖြင့် ဖမ်းဆီးအကျဉ်းချ ခံရနေရသည့် နိုင်ငံရေးအကျဉ်းသား (၆၀၀) ကျော်ပါဝင်သည်ဟုပြောဆိုထားသော်လည်း အကျဉ်းထောင်ပေါင်း (၂၁) ခု၌ နိုင်ငံရေး



အကျဉ်းသူ (၉၄) ဦး၊ အကျဉ်းသား (၁၁၇) ဦး စုစုပေါင်း (၂၁၁) ဦးမှာ ပြန်လည်လွတ်မြောက်လာကြောင်း မြန်မာနိုင်ငံလုံးဆိုင်ရာ နိုင်ငံရေးအကျဉ်းသားများကွန်ရက်-PPNM ၏ စာရင်းများတွင် ဖော်ပြထားသည်။

**“နိုင်ငံတကာဖိအားတွေနဲ့ ရင်မဆိုင်နိုင်တဲ့အခါမှာ ဒီလိုနေ့ရက်တွေကို ရွေးပြီး နိုင်ကျဉ်းတွေကို လွတ်ပေးတဲ့အခါ ကျွန်တော်တို့က သူတို့ (စစ်ကောင်စီ)ကို ကျေးဇူးတင်စရာလည်းမလိုဘူး။ အကျဉ်ထောင်လက်စွဲဥပဒေ မလိုက်နာသလို နိုင်ကျဉ်းတွေပေါ်မှာ လူ့အခွင့်အရေးကိုလည်း အပြင်းထန်ချိုးဖောက်နေတယ် ဆေးဝါးကုသခွင့်ပိတ်ထားတယ်ဆိုတာတွေကို ပြောချင်ပါတယ်”** နိုင်ငံရေးအကျဉ်းသားများအသင်းတာဝန်ရှိသူတစ်ဦးက ထပ်မံ ပြောဆိုခဲ့သည်။

ပြီးခဲ့တဲ့ (၇၆) ကြိမ်မြောက် လွတ်လပ်ရေးအထိမ်းအမှတ်အဖြစ် နိုင်ငံတဝန်းရှိ အကျဉ်းထောင်မှ အကျဉ်းသား (၉၆၅၂) ဦးကို လွတ်ငြိမ်းချမ်းသာခွင့်ပေးခဲ့ပြီး ယင်းတို့အနက် မွန်ပြည်နယ်တဝန်းရှိ အကျဉ်သား (၆၇၀) ဦးကို လွတ်ငြိမ်းခွင့်ပြုခဲ့ပြီး နိုင်ငံရေးအကျဉ်သား (၃၁) ဦးသာ ပါဝင်လာခဲ့ပြီး၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်နှင့်ထားဝယ် အကျဉ်ထောင် (၂၀၀) နီးပါးအနက် နိုင်ငံရေးအကျဉ်းသား (၂၅) ဦးသား ပါဝင်လာခဲ့သည်။

၂၀၂၁ မှစတင်ကာ အာဏာသိမ်းကာလအတွင်း စစ်ကောင်စီက လွတ်ငြိမ်းခွင့် (၁၆) ကြိမ် ပြုလုပ်ခဲ့ပြီး အကျဉ်းထောင်အသီးသီးမှ အကျဉ်းသား၊ အကျဉ်းသူ (၁၀၁,၇၂၉ ဦး) ကို လွှတ်ပေးခဲ့ရာတွင် နိုင်ငံရေးအကျဉ်းသား ၈၇၆၂ ဦးသာ ပါဝင်နေခဲ့ပြီး ရာခိုင်နှုန်းအနေဖြင့်ဆိုလျှင် (၈) ဒသမ (၆) ရာခိုင်နှုန်းခန့်သာ ရှိကြောင်း (ISP Myanmar) က ဇန်နဝါရီလ (၆) ရက်နေ့က ထုတ်ပြန်ခဲ့သည်။

နိုင်ငံရေးကူညီစောင့်ရှောက်ရေးအသင်း (AAPP)၏ ဇန်နဝါရီ (၈) ရက်နေ့ ထုတ်ပြန်ချက်အရ အာဏာသိမ်းမှုကာလအတွင်း မတရားဖမ်းဆီးခံရသူ (၂၈၁၅၅) ဦးရှိသည့်အနက် (၂၁၄၆၁) ဦးက ထိန်းသိမ်းခံနေရဆဲဖြစ်ကာ (၉၉၂၆) ဦးမှာ ထောင်ဒဏ်ချမှတ်ခံထားရသည်။

ဒါအပြင် ၂၀၂၄ ဇူလိုင်လနှင့် ဩဂုတ်လအတွင်းမှ အကျဉ်းထောင်အသီးသီး စစ်ဆေးရေး ဝင်လာပြီးနောက်ပိုင်း နိုင်ငံရေးအကျဉ်းသားအား မိသားစုဝင်ထံသို့ ဆက်သွယ်ခွင် ပိတ်ပင်ခြင်း၊ စားနပ်ရိက္ခာပို့ဆောင်ခွင့် ကန့်သတ်လာခြင်းအပါအဝင် အမျိုးသမီးအတွက် ကျန်းမာရေးဆိုင်ရာ ကိစ္စများကိုပါ ပို့မို့ပိတ်ပင် တင်းကျပ်လာနေခဲ့ပြီး အကျဉ်းထောင်များအတွင်း ထောင်အာဏာပိုင်များ၏ အကြောင်းပြချက်မျိုးစုံဖြင့် ကိုယ်ထိလက်ရောက်ရိုက်နှက်ခံရခြင်း၊ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်ခံရခြင်း ဒဏ်ရာများအား ဆေးဝါးကုသခွင့်မပေးတဲအတွက် နိုင်ငံရေး အကျဉ်းသား၊ အကျဉ်းသူ (၁၀၀) ကျော်သေဆုံးခဲ့သည်။

# မွန်ပြည်နယ်အတွင်းရှိ လူ့အခွင့်အရေးချိုးဖောက်မှု အကြိမ်အရေအတွက် ဇန်နဝါရီလ ၂၀၂၅

### Kyike Hto Township

- Artillery attack and Injured - 3 times

### Bilin Township

1. Ari Strike and Fled home
2. Fled home and IDPs

### Paung Township


1. Arrested local civilians

### Mawlamyine Township

1. Extort money
2. Collect HH list

### Mudon Township

1. Arrested local civilians




### Thaton Township

1. Arrested local civilians

### Kyaikmayaw Township

1. Released
2. Landmine and injure
3. Livelihood
4. Threat of life

### Ye Township(10) cases

1. Fled home and IDPs- 2
2. Arrested local civilians - 1
3. Killed - 1
4. Education issues - 2
5. Shortage of food- 1
6. Need of medicine- 1
7. Livelihood – 2

**Total Cases in Mon State - 26 Cases**

# ကရင်ပြည်နယ်အတွင်းရှိ လူ့အခွင့်အရေးချိုးဖောက်မှု အကြိမ်အရေအတွက်

## ဇန်နဝါရီလ ၂၀၂၅




### Kaw Ka Rate Township

1. Killed
2. Air Assault and Killed


### Kyarinnseikyi Township

1. Rob Villager
2. Bans transportation

### Hpa-An Township

1. Burgle and loot house
2. Livelihood

## Total Case- 6 case



# တနင်္သာရီတိုင်းဒေသအတွင်း လူ့အခွင့်အရေးချိုးဖောက်မှု အကြိမ်အရေအတွက် ဇန်နဝါရီလ ၂၀၂၅

### Yephyu Township- 5 cases

1. Landmine and injure
2. Artillery Attack & injured – 3 case
3. Artillery attack and killed

### Lon Long Township- 4 cases


1. Cuff-off Telecommunication
2. Shortage of food
3. Burn down house
4. Sentenced

### Tha Yet Chaung

**1. Fled and IDPs- 1 case**

### Kaw Thaung – 2 case

1. Arbitrarily arrested
2. Extort money




### Dawei Township-2cases

1. air assault and injured
2. Landmine and injure

### Pulaw – 6 cases

1. Restrict transportation of gasoline
2. Arrested and beaten
3. Arrested local civilians- 3 case
4. Extort money

### Tenasserim Township – 7 cases

1. Arrested and extort money
2. Rape local women
3. Landmine and Killed
4. Burn down house
5. Livelihood
6. Artillery Attack and injured- 2 case

## Total Cases - 27

# မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းမှ မွန်ပြည်နယ် ၊ ကရင်ပြည်နယ် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ လူ့အခွင့်အရေးချိုးဖောက်မှု ဒေတာမှတ်တမ်း

စစ်ဘေးဒုက္ခသည် ၊ သတ်ဖြတ်မှု နှင့် ဒဏ်ရာအနာတရ ရရှိသူ အရေအတွက်

ဇန်နဝါရီလ ၂၀၂၅

## Mon State

IDPs -20,500

Killed -14

Injured - 32

## Karen State

IDPs -24,000

Killed -10

Injured -64

## Tanintharyi Region

IDPs -29,000

Killed -16

Injured -48

# မုဒိမ်းမှုကျူးလွန်သည့် PDF တပ်ဖွဲ့ဝင်ကို NUG က ထောင်ဒဏ် (၆) နှစ် ချမှတ်




**ဇန်နဝါရီ ၂၉၊ ၂၀၂၅**

၂၀၂၃ ဩဂုတ်လတွင် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ဝင်တစ်ဦးက တနင်္သာရီတိုင်း လောင်းလုံးမြို့နယ်မှ အမျိုးသမီးတစ်ဦးကို အဓမ္မပြုကျင့်ခဲ့သည်။

အဆိုပါအမျိုးသမီးက အဓမ္မပြုကျင့်မှုကို အမျိုးသားညီညွတ်ရေးအစိုးရ အမျိုးသမီး၊ လူငယ်နှင့် ကလေးသူငယ်ရေးရာဝန်ကြီးဌာနထံ တိုင်ကြားခဲ့ပြီးနောက် ၂၀၂၅ ဇန်နဝါရီလ (၂၀) ရက်နေ့တွင် အမျိုးသားညီညွတ်ရေးအစိုးရက PDF တပ်ဖွဲ့ဝင်ကို ထောင်ဒဏ် (၆) နှစ် ချမှတ်ခဲ့သည်။

**"အမှုဖွင့်ပြီး (၁) နှစ်နဲ့ (၅) လ ပြည့်ခါနီးမှ ထောင် (၆) နှစ် ချလိုက်တယ်။ ဒါက တရားမျှတမှုရှိလားဆိုတာတော့ (ကျွန်မမှာ) အဖြေမရှိဘူး"** ဟု နစ်နာသူကာယကံရှင်က ပြောသည်။

ထောင်ဒဏ်ချမှတ်ခဲ့ပြီးဖြစ်သော်လည်း PDF တပ်ဖွဲ့ဝင်ကို မည်သည့်အကျဉ်းထောင်တွင် ချုပ်နှောင်ထိန်းသိမ်းထားသည်ကို မသိရှိရသည့်အပြင် ၎င်းသည် ယနေ့အချိန်အထိ အင်တာနက်အသုံးပြုနေသည်ကို တွေ့ရှိနေရကြောင်း ကာယကံရှင်က ဆက်ပြောသည်။

**"အဲဒါနဲ့ ပတ်သက်ပြီး (စီရင်ချက်ချခဲ့တဲ့) တပ်ရင်းကို မေးမြန်းတဲ့အခါမှာ မိသားစုနဲ့ဆက်သွယ်ဖို့ ဖုန်းအသုံးပြုခွင့် ပေးထားတယ်လို့ ပြောတယ်"** ဟု နစ်နာသူက ပြောသည်။

အဓမ္မပြုကျင့်ခံရပြီးနောက် နစ်နာသူကာယကံရှင်ကို မိဘနှင့် ဆွေမျိုးများက အိမ်ပေါ်မှနှင်ချခဲ့ကြောင်း အမျိုးသမီးတစ်ဦးက ပြောသည်။

တနင်္သာရီတိုင်းအတွင်းရှိ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့၏ ထိန်းချုပ်မှုအောက်တွင်ရှိသည့်ဒေသအချို့တွင် လိင်အကြမ်းဖက်မှုနှင့်ပတ်သက်ပြီး တိုင်ကြားမှုနှင့် အပြစ်ပေးအရေးယူမှုယန္တရား ရှင်းလင်းတိကျစွာ ရှိမနေခြင်းကြောင့် ပြစ်မှုကျူးလွန်သူအများစုမှာ လွတ်မြောက်နေကြောင်း သိရသည်။

# မွန်ပြည်လူ့အခွင့်ရေးဖောင်ဒေးရှင်း

မွန်ပြည်လူ့အခွင့်အရေး ဖောင်ဒေးရှင်းကို ၁၉၈၈ လှုပ်ရှားမှုတွင် ပါဝင်ခဲ့သည့် ဒီမိုကရေစီစနစ်ကို အားပေးထောက်ခံသော ကျောင်းသားများ၊ တက်ကြွသော လှုပ်ရှားသူများ၊ မွန်လူထုခေါင်းဆောင်များနှင့် လူငယ်များ စုပေါင်းတည်ထောင်ခဲ့ခြင်း ဖြစ်သည်။ မြန်မာနိုင်ငံတွင် ဒီမိုကရေစီ စနစ် ထွန်းကားရေး၊ လူ့အခွင့်အရေး ရရှိရေးနှင့် စစ်မှန်သော ငြိမ်းချမ်းရေးပေါ်ပေါက်ရေးတို့ကို အဓိကရည်ရွယ်ချက်ဖြင့် ထားရှိကာ ထူထောင်ခဲ့ခြင်း ဖြစ်သည်။ မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းသည် အကျိုးအမြတ်မယူသော အဖွဲ့အစည်းတစ်ခု ဖြစ်ပြီး အဖွဲ့ဝင်များအားလုံးသည် တူညီသော ရည်မှန်းချက်ပန်းတိုင်ကို တူညီသော အတွေးအမြင်များဖြင့် ချီတက်နေကြသော စေတနာ့ ဝန်ထမ်းများဖြစ်သည်။ မွန်ဒေသနှင့် မြန်မာနိုင်ငံ တောင်ပိုင်း ဒေသများမှ လူ့အခွင့်အရေး အခြေအနေများကို စောင့်ကြည့်လေ့လာခြင်းဖြင့် မြန်မာနိုင်ငံတွင် ဒီမိုကရေစီစနစ် ထွန်းကားလာစေရန် ဒေသဆိုင်ရာ တိုင်းရင်းသားလူ့အခွင့်အရေး အဖွဲ့တစ်ဖွဲ့ အနေဖြင့် ကျရာတာဝန်ကို ထမ်းဆောင်လျက်ရှိသည်။ မြန်မာနိုင်ငံတွင် ပြုပြင်ပြောင်းလဲရေးများ ထုတ်ဝေခြင်းဖြင့် တွန်းအားပေးလျက်ရှိသည်။ မွန်လုထုအသံ ဟူသော စာစောင်ကို ပုံမှန်ထုတ်ဝေလျက်ရှိပြီး လူ့အခွင့်အရေးဆိုင်ရာ အစီရင်ခံစာများကိုလည်း အခါအားလျော်စွာ ထုတ်ဝေလျက်ရှိသည်။

ပန်းတိုင် နိုင်ငံသားအားလုံး လူ့အခွင့်အရေးကို အပြည့်အဝ ရရှိခံစားနိုင်စေရန်။

## ရည်ရွယ်ချက်

(၁) လူ့အခွင့်အရေးနှင့်ပတ်သက်သော သတင်းများ ပြည်သူလူထုအကြား ပိုမိုပျံ့နှံ့ သိရှိနိုင်စေရန်။

(၂) လူ့အခွင့်အရေးနှင့် ပတ်သက်၍ ပြည်သူလူထုကို ပညာပေးလှုံ့ ဆော်ရန်။

(၃) လူ့အခွင့်အရေးနှင့် ပတ်သက်သော လှုပ်ရှားမှုများတွင် ပြည်သူများ ပူးပေါင်းပါဝင်လာစေရန်။

## စာဖတ်သူများထံမှ ဝေဖန်အကြံပြုစာ တောင်းခံခြင်း ချစ်ခင်လေးစားရပါသော စာဖတ်သူများခင်ဗျား

မြန်မာနိုင်ငံ လူ့အခွင့်အရေးကို ကာကွယ်မြှင့်တင်ရန် ရည်ရွယ်ချက်ဖြင့် မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းမှ လူ့အခွင့်အရေးစာစောင်ကို ထုတ်ဝေလျက်ရှိသည်။ သတင်းအချက်အလက်နှင့်ပတ်သက်၍ အချိန်နောက်ကျခြင်းများ ဖြစ်ပေါ်ခဲ့ပါက ဤအချက်အလက်များ တိကျသေချာစေရန် အကြိမ်ကြိမ် အထပ်ထပ်စစ်ဆေးနေရခြင်းကြောင့် ဖြစ်ပါသဖြင့် စာဖတ်သူများမှ နားလည်ပေး စေလိုပါကြောင်း မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းမှ အနူးအညွတ် တောင်းပန်အပ်ပါသည်။ ကျွန်ုပ်တို့ထံသို့ ဝေဖန်အကြံပြုစာ ပေးပို့လို၍ဖြစ်စေ ကျွန်ုပ်တို့၏ စာစောင်ကို ပေးပို့ စေလို၍ဖြစ်စေ အောက်ပါလိပ်စာအတိုင်း ပေးပို့နိုင်ပါသည်။ စာစောင်ပေးပို့ စေလိုပါက ပေးပို့ စေလိုသော လူပုဂ္ဂိုလ်၏ နာမည်နှင့် လိပ်စာအပြည့်အစုံကို ပေးပို့စေလိုပါသည်။

ရှိသေလေးစားစွာဖြင့်
ဒါရိုက်တာ
မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း

Rehmonnya.org

Human Rights Foundation of Monland (Burma)
P. O. Box 2237
General Post Office
Bangkok 10501, THAILAND